www.burmeseclassic.com

ဒေါက်တာအရှင်ဓမ္မပိယ(ပါဠိဟေတ္ထ)
[ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန် ]

သံစဉ်မပါတဲ့
တေးသွား

မေတ္တာ မပါသော စကားသည်
သံစဉ် မပါသော တေးသွားကဲ့သို့
နားဝင်ချိုခဲ၏။
သစ္စာ မပါသော စကားသည်
အမြစ် မပါသော သစ်ပင်ကဲ့သို့
ရှင်သန်နိုင်ခဲ၏။

BURMESE CLASSIC .com

# သံစဉ်မပါတဲ့ တေးသွား

ဒေါက်တာအရှင်ဓမ္မပိယ(ပါဠိဟေတ္ထ)
[ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန် ]

www.burmeseclassic.com

www.burmeseclassic.com

မှ ………………

………………

သို့ ………………

………………

"သဗ္ဗဒါနံ၊ ဓမ္မဒါနံ ဇိနာတိ"
အလှူတကာတို့တွင် တရားအလှူသည်
အမြတ်ဆုံးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# သံစဉ်မပါတဲ့ တေးသွား

ဒေါက်တာမွေ့ပိယ (ITBMU)
အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊
ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ သံစဉ်မပါတဲ့တေးသွား ၅

၂။ သူပေးတဲ့အပူ မယူလည်းရသားမို့ ၁၉

၃။ ကျေးငှူးမြင့်မိုရ် ပြုံမှာစိုးမိ ၃၈


BURMESE CLASSIC .com

## သံစဉ်မပါတဲ့ တေးသွား

ဖြူဟွှစိုရ်လေးဆူ၊ တရားဟူသည်၊
နတ်လူချစ်ဆေး၊ ရှတိုင်းမွေးကို၊
မြတ်လေးဆောင်ဘွယ်၊ ကင်းမပယ်နှင့်။

[မယဒေဝ လက်ာသစ်]

ဖြူဟွှစိုရ်လေးဆူ (သို့မဟုတ်) ဖြူဟွှစိုရ်လေးပါးတရားဟာ လူနတ်ချစ်ဆေးတဲ့။ အံ့သြစရာပါ။ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံသား အားလုံးနီးပါးဟာ ဖြူဟွှစိုရ်မေတ္တာကို မြတ်နိုးကြတယ်။ မေတ္တာကို မြတ်နိုးကြ၍ ဘုရား၊ တန်စောင်း၊ ဇရပ် ကျောင်းများ၌လည်းကောင်း၊ ဓမ္မာရုံများ၌လည်းကောင်း၊ စုပေါင်း၍ မေတ္တာပို့ကို ရွတ်ဆိုကြတယ်။ စုပေါင်း၍ မေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



ဘာဝနာများကို ပွားများကြတယ်။ မေတ္တာဝတ်ရွတ်သင်းများကိုလည်း "မေတ္တာစွမ်းရည်" ဝတ်ရွတ်သင်း၊ "မေတ္တာရောင်ခြည်"ဝတ်ရွတ်သင်း၊ "မေတ္တာဝိဟာရီ" ဝတ်ရွတ်သင်း-စသည်ဖြင့် အသင်း၏အမည်များကိုလည်း မေတ္တာစကားလုံးကို အထွဋ်တင်ကာ အမည်နာမများကို ပေးထားကြတယ်။ စိတ်ဝင်စားစရာပါ။

မေတ္တာရေချမ်းဖြင့် တွေ့သူတိုင်းကို ပက်ဖျန်းပေးပြီး၊ ငြိမ်းချမ်းသာယာစွာနေလိုခြင်းဟာ ဗုဒ္ဓဘာသာဝင်တိုင်းရဲ့ မျှော်လင့်ချက်တစ်ခုပါ။ ဒါပေမဲ့ မျှဝေပေးချင်တဲ့တရားက တခြား၊ ပေးနေတာက တခြား ဆိုတော့ မေတ္တာပို့သူတိုရဲ့ဆန္ဒဟာ ဘယ်သောခါမှ ပြည့်ဝမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် "မေတ္တာပေး၍ မေတ္တာမရပါ" ဆိုတဲ့ မေတ္တာမစစ်တဲ့ မေတ္တာမျိုးဖြင့် စစ်မှန်တဲ့ မေတ္တာတရားမျိုးကို မရနိုင်လို့ပါ။ ဒါကြောင့် ပညာရှင်များက "မေတ္တာမပါသော စကားသည် သံစဉ်မပါသောတေးသွားကဲ့သို့ နားဝင်ချိုခဲ၏"တဲ့။ မေတ္တာအစစ်မဟုတ်ခဲ့ရင် ပို့လွှတ်သူတိုရဲ့ မေတ္တာတရားတွေပြောတဲ့ သူတို့ရဲ့မေတ္တာစကားတွေ



ဟာ ဘယ်မှာလာပြီး ချိုသာခြင်း၊ အေးမြခြင်း ရှိနိုင်တော့မှာလဲ။

ဘုရားလက်ထက်က သိကြားမင်း ဘုရားကို လျှောက်ထားခဲ့တာလေးကို အမှတ်ရမိတယ်။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား လူတွေ နတ်တွေ ဗြဟ္မာတွေဟာ တစ်ဦးကိုတစ်ဦး ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်နဲ့ နေလိုကြပါလျက် မနေနိုင်ပဲ ဖြစ်နေကြရတာဟာ ဘာကြောင့်ပါလဲ" လို့ မေးလျှောက်တယ်။ မြတ်စွာဘုရားက - "သိကြားမင်း အချင်းချင်း ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်နဲ့ မနေနိုင်ကြခြင်းဟာ ဣဿာမစ္ဆရိယ (မနာလိုစိတ်၊ ဝန်တိုစိတ်) တရားဆိုးတွေ ရှိနေကြလို့ပါတဲ့။ ဣဿာ မစ္ဆရိယတရားဆိုးတွေက ဒေါသနှင့် ယှဉ်နေကြတော့ တစ်ယောက်ကိုတစ်ယောက် ကြည်သာခြင်း၊ ရွှင်ပြခြင်း၊ ချိုသာခြင်း၊ အကျိုးလိုလားခြင်းစတဲ့ ကောင်းမြတ်တဲ့ တရားတွေရဲ့ ဝေးသွားအောင် ဆောင်ရွက်နိုင်တာပေါ့။ ဒါ[illegible]လဲ ပုထုဇဉ်တို့မှာ ဖြစ်လေ့ဖြစ်ထရှိနေတဲ့ သဘာဝမျိုးဆိုတော့ အဆိုးတော့မဆိုသာဘူးပေါ့။ နားလည်၊

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပေးနိုင်ရင်တော့ နားလည် ခွင့်လွှတ်နိုင်သူအတွက်တော့ စိတ်ချမ်းသာမှုကို ရစေနိုင်တာပဲ။

ဖြူစင်သန့်ရှင်းတဲ့ မေတ္တာစိတ်မျိုးဆိုတာ သစ်ပင် ပန်းပင်များလိုပဲ နေရာတိုင်းမှာ မဖြစ်ထွန်းဘူး။ စစ်မှန်တဲ့ မေတ္တာတရားမျိုးဆိုတာ စိတ်ကောင်းနှင့်သာ အတူယှဉ်တွဲပြီး ဖြစ်ရတာမျိုးဆိုတော့ ကြည်လင်တဲ့စိတ်ထား၊ မွန်မြတ်တဲ့ နှလုံးသား မရှိသူတို့ရဲ့ နှလုံးသားမှာ မေတ္တာစိတ်ဆိုတာ မွေးမြူဖို့ အခက်သား။ တကယ်တော့ လူတွေရဲ့ပင်ကိုယ် စိတ်ဓာတ်လေးတွေဟာ ကောင်းမွန်ပါတယ်။ ဒါပေမဲ့ အဲဒီ စိတ်ဓာတ်မှာ တစ်စုံတစ်ခု (သို့မဟုတ်) တစ်စုံတစ်ယောက်ရဲ့ လွှမ်းမိုးခြင်းကို ခံရပြီးတဲ့ နောက်ပိုင်းမှာတော့ သူတို့ရဲ့စိတ်ဓာတ်တွေကို သူတို့ကိုယ်တိုင်ပဲ ဖျက်ဆီးပြစ်နေကြတယ်။ စိတ်ဓာတ်တွေ ညှိုးဖျင်းလာအောင်၊ မေတ္တာနှလုံးသားတွေ သေးသိမ်လာအောင် သူတို့ ကိုယ်တိုင်ပဲ ပြုလုပ်နေကြတယ်။ အရာရာမှာ ကိုယ်ကကြီးအနိုင်ယူချင်တာ၊ ကိုယ်ကကြီး လွှမ်းမိုးချင်တာ ဒါတွေဟာ သူတော်ကောင်းနှလုံးသားမှာ ဖြစ်ပွားတဲ့တရားမျိုး



တွေတော့ မဟုတ်ဘူး။ ငြိမ်းချမ်းရေးဆိုတာ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ နားလည်ပေးခြင်း သဘောတို့မှ မွေးဖွားလာတဲ့ သူတော်ကောင်းတို့ရဲ့ မေတ္တာအမြုတေပါ။ အကယ်၍သာ လူတိုင်းရဲ့ စိတ်မှာ မေတ္တာစိတ်တွေ ယှဉ်ထားနိုင်အောင် စွမ်းနိုင်သမျှ ကြိုးစားကြမယ်ဆိုရင်တော့ ဒီကမ္ဘာကြီးဟာ အမြဲတမ်းပဲ ငြိမ်းချမ်းသာယာနေမှာပါ။

မကြာခင် တစ်ပတ်ခန့်က တယ်လီဖုံး သတင်းစကား တစ်ခုဝင်လာတယ်။ အဲဒီသတင်းက မိမိရင်းနှီးထားတဲ့ ရဟန်းငယ်တစ်ပါး ဘုရားဘဏ္ဍာတွေကိုယူပြီး ထွက်ပြေးသွားတယ်-ဆိုတဲ့သတင်း။ သတင်းပို့သူက သူဘယ်သူဘယ်ဝါ ဆိုတာ ပြောမသွားပေမဲ့ ပြောလာတဲ့ သတင်းက တိကျခိုင်လုံနေတယ်။ ယုံကြည်လောက်ခန့်ရှိတဲ့ အထောက်အထားတွေနဲ့ဆိုတော့ ယုံကြည်လက်ခံမိတယ်။ ဒါပေမဲ့ တစ်ဖက်ကိုပြန်ပြီး စဉ်းစားကြည့်ပြန်တော့ သူတို့ပြောတဲ့ ဘုရားဘဏ္ဍာကို ခိုးယူပြီး ထွက်ပြေးသွားတယ်ဆိုတဲ့ ရဟန်းငယ်ဟာ ရိုးသားပြီး၊ ဖြောင့်မှတ်တဲ့ရဟန်း။ သူ့အကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



အရင်းသိ၊ အစင်းသိ၊ သိထားပြီးသားဆိုတော့ ဟုတ်မှ ဟုတ်ရဲ့လားလို့ သံသယစိတ်တွေ ဝင်လာတယ်။ ဒါပေမဲ့ ပုထုဇဉ်တို့ရဲ့ သဘာဝဟာ အာရုံနှင့်တွေ့ရင် ဖေါက်ပြန်၊ ပြောင်းလွဲတတ်တဲ့ သဘောသဘာဝ ရှိတတ်တာမို့ စွပ်စွဲပြောဆိုသူတို့ရဲ့စကားအတိုင်းပဲ ယုံကြည်လက်ခံမိခဲ့တယ်။

"သစ္စာမပါသောစကားသည် အမြစ်မပါသော သစ်ပင်ကဲ့သို့ ရှင်သန်နိုင်ခဲ၏" တဲ့။ မကြာပါဘူး။ ထိုသတင်းဟာ မမှန်သတင်း ဖြစ်နေခဲ့တယ်။ ထိုရဟန်းငယ်အပေါ်မှာ အမြင်မကြည်တဲ့ ဒကာမ တစ်ယောက်က မကောင်းသတင်း လုပ်ကြံပြီး ထိုမကောင်းသတင်းဖြင့် ထိုရဟန်းငယ်ရဲ့ဂုဏ်သိက္ခာကို သေးသိမ်သွားအောင် သတင်းလွှင့်ခဲ့ကြောင်း နောက်ဆုံး သိခဲ့ရတယ်။ သစ္စာတရားကို တန်ဖိုးမထားကြတဲ့ လူတွေရဲ့ စကားဟာ အမြစ်မရှိတဲ့သစ်ပင်ကဲ့သို့ ကြာရှည်စွာ မရှင်သန်နိုင်ကြောင်းကို သစ္စာတန်ခိုးက သက်သေပြလိုက်သလိုပါပဲ။ "လုပ်ရက်လိုက်တာ" လို့ ပြောရုံမှလွဲ၍ ထိုရဟန်းငယ်အတွက်တော့ ဘာမှလုပ်မပေးနိုင်ခဲ့ဘူး။



ဒါပေမဲ့ မဟုတ်မမှန် သတင်းလုပ်ကြံ၍ ပြောဆိုသူ ထိုဒကာမအား အများကဝိုင်းပြီး အပြစ်တင်ကြတော့ ထိုရဟန်းငယ်က "ဦးဇင်းကိုယ်တိုင်က ခွင့်လွှတ်နေပြီပဲ၊ သူမှာ အပြစ်မရှိပါဘူး" တဲ့။ "ကမ္မနိယာမ တရား သဘောနဲ့ ကြည့်ရင် အပြစ်ရှိသူက ဦးဇင်းပါ" တဲ့။

လောကမှာ အခိုက်အတံ့လေးပဲဖြစ်ဖြစ်၊ အစဉ်ထာဝရပဲဖြစ်ဖြစ် လူတွေကို ရှုံးသွတ်အောင် ပြုနိုင်တဲ့ တရားဆိုးတွေဆိုတာရှိတယ်။ အဲဒီတရားဆိုးတွေရဲ့သဘောသဘာဝကို မသိနားမလည်ကြရှာတဲ့ ပုထုဇဉ်အများစုဟာ အဲဒီမသိတရားတွေနဲ့ သူတပါးကို ရှုံးသွပ်အောင် လုပ်ချင်ကြတယ်။ ကြိုးအားအားထုတ်မှုတွေကို ပြုလုပ်ကြတယ်။ ဒါပေမဲ့ နောက်ဆုံးရလဒ်က ပြုလုပ်သူသာ အရှုံးဖြစ်ပြီး ကျန်ခဲ့တယ်။ အရှုံးဖြစ်ခဲ့ရပြန်တော့ တစ်ဖက်သားအား ပိုပြီးဒေါသတွေဖြစ်ရပြန်တယ်။ ဒေါသတရားကြောင့် တစ်ဖက်သားအပေါ်မှာ မဆုံးနိုင်တဲ့အမုန်းတရားတွေ၊ အာဃာတတရားတွေ ဖြစ်ရပြန်ပြီပေါ့။ အမုန်းသံသရာရှည်တယ်ဆိုတာ ဒါမျိုးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအရှုံးသံသရာကို လည်စေတတ်တဲ့ တရားတွေကတော့ လောဘတို့၊ ဒေါသတို့၊ မောဟတို့၊ မာနတို့၊ ဣဿာတို့၊ မစ္ဆတို့- စတဲ့ ဒီတရားဆိုးတွေပါ။ တကယ်တော့ မဖြစ်ချင်တာတွေကိုဖြစ်နေရတာဟာ သူ့ကြောင့်လဲ မဟုတ်ဘူး။ ငါကြောင့်လဲ မဟုတ်ဘူး။ သူ့ကြောင့်ပဲဖြစ်နေကြရတာပါ။ "သူ(ဒေါသ)လာရင် ရှုံးမယ်။ သူခွါရင် ထူးမယ်"။ သီအိုရီသဘောကတော့ ဒါပဲ။ ဥပမာ ဒေါသတရားကိုကြည့်။ သူလာရင် (သို့မဟုတ်) သူပါရင် လူကို ခေတ္တရူးသွပ်စေတယ်။ ဒေါသဖြစ်လာရင် (ဆိုလိုတာက ဒေါသကို မိမိသန္တာန်မှာ ရှင်သန်ခွင့်ပေးလိုက်ရင်) သူတပါးကို အပြစ်မြင်တယ်။ အပြစ်ဖြစ်အောင် ပြုလုပ်တယ်။ အမှန်ကတော့ သူတပါးအပြစ်ကို မိမိအပြစ်ဖြစ်အောင် ပြုလုပ်နေခြင်းပါ။ မေတ္တာစွမ်းအားရှိမှ သည်းခံခြင်းတရားမျိုး ဆိုတာ မိမိနှလုံးသားမှာ ဖြစ်ပွားခွင့်ရတာ။ သည်းခံခြင်းဆိုတာ ဒေါသယှဉ်ထားသူရဲ့စိတ်မှာ မဖြစ်နိုင်ဘူး။ သတိပြုသင့်တဲ့ အချက်ပါ။



ဒေါသရဲ့ အကြောင်းအကျိုး၊ အကောင်းအဆိုး၊ သဘောသဘာဝ အမှန်တရားကို သတိမမူနိုင်သူတို့အား ရာဇဂုရု မောင်ထောင်ဆရာတော်ကြီးက - "အားသက်လုံပျက်သောနွား အမြှုပ်ထွက်လွယ်သည်၊ ပစ္စည်းဝန်ကို မနိုင်။ မေတ္တာ သက်လုံ ပျက်သောသူ ဒေါသအမြှုပ်ထွက်လွယ်သည်၊ ခန္တီဝန်ကို မနိုင်" လို့ မိန့်ကြားတော်မူခဲ့တယ်။ ဆရာတော်ကြီးရဲ့ ဩဝါဒ အနှစ်ချုပ်ကတော့ ဒေါသနဲ့နေပြီး ကိုယ့်ကိုယ်ကို အရှုံး မလုပ်ကြဖို့ တိုက်တွန်းလိုက်တာပါ။

သူတော်ကောင်းဓာတ်တွေဆိုတာ မေတ္တာတရားကို အရင်းခံထားပြီး၊ သစ္စာတရားကို အထွဋ်တပ်ကာ ကျင့်ကြံပွားများအားထုတ်မှ ရနိုင်တာ။ ဒါကြောင့် သူတော်ကောင်းဓာတ်ခံရှိသူတိုင်းဟာ မေတ္တာစိတ်နဲ့ပြောမယ်၊ မေတ္တာစိတ်နဲ့ အလုပ်လုပ်မယ်။ သူတော်ကောင်းရဲ့သန္တာန်မှာ မေတ္တာတရားကို အရင်းခံထားပြီး၊ သစ္စာတရားကို အထွဋ်တင် ထားလေတော့ မှန်သောစကားကို ပြောတယ်။ မှန်သောအလုပ်ကို လုပ်တယ်။ ဒီလိုလုပ်နိုင်ခြင်းဟာ မေတ္တာရဲ့စွမ်းအား၊

www.burmeseclassic.com

www.burmeseclassic.com



သစ္စာရဲ့စွမ်းအင်တွေပါဝင်နေလို့ လုပ်နိုင်တယ်ဆိုတာ သူတို့သိထားကြတာပေ့ါ။

သူတပါးအား အပြစ်တင်ခြင်း၊ ရှုပ်ချပြောဆိုခြင်းမျိုးဆိုတာ သတိမဲ့သူတို့ပြုမူတဲ့ အလေ့အထ တစ်ခုပါ။ မေတ္တာမယှဉ်နိုင်တဲ့သူတို့ရဲ့နှလုံးသားဟာ ဘယ်သောခါမှ စိတ်ထားများ ပြည့်ဝလာနိုင်မည်မဟုတ်ပါ။ ကမ္ဘာကျော်တရုပ် ဖီလိုဆိုဖာဆရာကြီးကွန်ဖြူးရှပ် ကတော့ စိတ်ထားမပြည့်ဝသူတို့ရဲ့သဘောထားကို သူ့အမြင်နဲ့သုံးသပ်ထားတယ်။ "စိတ်ထားမပြည့်ဝတဲ့သူဟာ သူတစ်ပါး အပြစ်ကိုပဲ မြင်တယ်။ စိတ်ထားတစ်ဝက်လောက်ပြည့်ဝတဲ့ သူကျတော့ ကိုယ့်ကိုယ်ကိုပဲအပြစ်မြင်တယ်။ စိတ်ထားလုံးဝပြည့်သွားတဲ့သူကျတော့ ဘယ်သူကိုမှ အပြစ်မမြင်တော့ဘူး" တဲ့။ သူ့အတွေး၊ သူ့အမြင်ကလဲ တစ်မျိုးမှတ်သားစရာပါ။

မေတ္တာတရား၏တန်ဖိုး၊ ဆန့်ကျင်ဖက်ဖြစ်တဲ့ဒေါသရဲ့ဆိုးကျိုးများကို သိသာ၊ မြင်သာအောင် နည်းအမျိုးမျိုးဖြင့် ဟောကြား၊ ညွှန်းကြား၊ ရေးသားထားကြသော်လဲ သိအိုရီကို လေ့လာမှုကို အဆင့်၌သာ ရပ်တန့်ထားကြ၍ အကျိုးမပြီး အချိုးအနှိုးသာ ဖြစ်နေကြရတယ်။ လူ့ပတ်ဝန်းကျင်မှာ ငြိမ်းချမ်းစွာနေလိုသူဟာ ဦးစွာပထမ မေတ္တာရဲ့ အကျိုးတရားကို နားလည်ထားသင့်တယ်။ မေတ္တာရဲ့အကျိုးသက်ရောက်မှုကို သိဖို့ ဆန့်ကျင်ဖက်ဖြစ်တဲ့ ဒေါသရဲ့ အပြစ်ကိုလဲ သိထားရမယ်။ မီးနဲ့တူတဲ့ဒေါသ၊ မိမိကို အရူးလုပ်တဲ့ဒေါသ၊ ဒီသဘောကိုသိထားတော့ မေတ္တာရဲ့ သဘောကိုလဲ ပိုနားလည်လာတယ်။ ရှေးဆရာတော်ကြီးတစ်ပါးက အမိန့်ရှိခဲ့ဘူးတယ် "မေတ္တာရဲသဘောကို နားလည်ချင်ရင် ဒေါသရဲ့သဘောကို သိအောင်ကြိုးစားရမယ်" တဲ့။



ဒေါသတရားဆိုးများ မိမိအပေါ်မှာ အလွှမ်းမိုးမခံရအောင် ပြုလုပ်တဲ့နည်းတွေထဲက အကောင်းဆုံးလို့ ယူဆနိုင်တဲ့နည်းကတော့ ဒေါသရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အဒေါသ (မေတ္တာ) ဖြစ်ပွားခွင့်ရအောင် ဘာဝနာအလုပ်ကို ကြိုးစားပေးဖို့ပဲ။ အခြေပျိုးအနေနဲ့ စိတ်ကိုတည်ငြိမ်အောင် ဘုရားရှိခိုးတာတို့၊ ဂုဏ်တော် ပုတီးစိတ်တာတို့ကို ပြုလုပ်ပေးရမယ်။ ဆက်လက်ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို တည်ငြိမ်မှုရစေနိုင်တဲ့ သမာဓိ ဘာဝနာလုပ်ငန်း တစ်ခုခုကို ဆက်လက်ကြိုးစားအားထုတ်ရမယ်။ ဥပမာ၊ မေတ္တာကမ္မဋ္ဌာန်းမျိုး၊ အာနာပါနကမ္မဋ္ဌာန်းမျိုး၊ သတိပဋ္ဌာန် (ဝိပဿနာ) ကမ္မဋ္ဌာန်းမျိုးပေါ့။ အဲဒီနည်းတွေထဲမှာ သမထဘာဝနာကို စောင်းပေးပြီး ဘာဝနာအလုပ်ကိုလုပ်ရင် ဒေါသငြိမ်းမယ်၊ စိတ်ချမ်းသာမယ်။ ငြိမ်းအေးမယ်။ ဝိပဿနာဘာဝနာကို စောင်းပေးပြီး ဘာဝနာအလုပ်ကိုလုပ်ရင် ဒေါသရဲ့အဖြစ်တွေကို ဂဃနဏသိမယ်၊ စိတ်ချမ်းသာမယ်။ ငြိမ်းအေးမယ်။ ဘာဝနာလုပ်ငန်းဖြင့် အနာဂါမ်အဆင့်ရောက်အောင် ကြိုးစားအားထုတ်မယ်ဆိုရင်တော့ ဒေါသတွေ အားလုံးချုပ်ငြိမ်းသွားပြီပေါ့။ ဒေါသရဲ့အပြစ်ကို မြင်သူအားလုံးဟာ စိတ်တည်ငြိမ်မှုကို ဖြစ်စေနိုင်တဲ့ သမာဓိလုပ်ငန်းတစ်ခုခုကို စွဲမြဲနေအောင်နေ့စဉ်ဝတ်ထား၍ ပြုလုပ်နေသင့်ပါတယ်။

မေတ္တာတရားရဲ့ လေးနက်မှုဟာ အသိခက်လှတယ်။ ဥပမာ၊ "သူတော်ကောင်းသည် မသူတော်နှင့်ပြိုင်၍ ဒေါသမဖြစ်ကောင်း"၊ "အလှူခံကိုမှီ၍ ဒါနပါရမီဖြည့်နိုင်သလို၊ မသူတော်ကိုမှီ၍ ခန္တီပါရမီကိုဖြည့်နိုင်တယ်" စတဲ့ အဆုံးအမများသည် မေတ္တာတရားကို အမွှန်းတင်ထားတဲ့ တရားများဖြစ်တယ်။



ဒါပေမဲ့ အသိခက်တယ်။ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကမင်းကွန်းဆရာတော်ဘုရားကြီးရဲ့ မေတ္တာနှင့်စပ်တဲ့ ဩဝါဒကထာကလဲ တစ်မျိုးမှတ်သားဖို့ကောင်းတယ်။

"သူများအကျိုး ပျက်စီးစရာကို
ဘယ်သောအခါမှ မလုပ်နဲ့ မပြောနဲ့ မကြံနဲ့။
ကြမ်းထမ်းသောစကားကို မဆိုနှင့်။
မေတ္တာနှင့်ယှဉ်သောစိတ်ကို ဖြစ်စေရမည်။
အကောင်းကြံ အမှန်လုပ်၊ အဟုတ်ပြော။
ယခုလက်ရှိအချိန်ထက် ကောင်းသောအချိန်မရှိ။
လက်ရှိအချိန်ကို နိဗ္ဗာန်အထိ အကျိုးရှိအောင်
သုံးပါ" တဲ့။

ဆရာတော်ဘုရားကြီးရဲ့ မေတ္တာနှင့်စပ်တဲ့ဩဝါဒကထာပါ။ လိုက်နာနိုင်ရင် ကျေးဇူးများမယ်။ ဆရာတော်ကြီးက သူ့အတွေး၊ သူ့အမြင်၊ သူ့အယူအဆကို တင်ပြရုံသက်သက်မျှမဟုတ်ဘဲ မေတ္တာရဲ့စွမ်းအား၊

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာရဲ့စွမ်းအင်ကို ကိုယ်တိုင်သိ၍၊ ကိုယ်တိုင် နားလည် သဘောပေါက်လာသည်အထိ ကျိုးစားကြရန် တိုက်တွန်း လိုက်ခြင်းပါ။ သူများပေးတဲ့မေတ္တာကို ခံယူရတာဟာ ကောင်းပါတယ်။ ဒါပေမဲ့ ကိုယ့်ရဲ့စစ်မှန်တဲ့မေတ္တာကို သူများအား ပေးနိုင်တာကတော့ ပိုပြီးကောင်းတာပေါ့။ ကျန်းမာချမ်းသာကြပါစေ . . . ။

## သူပေးတဲ့အပူ မယူလည်း ရသားမို့

အများအကျိုး၊ ရွက်သယ်ပိုးက၊
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊
မဖဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

ရွှေဟင်္သာဆရာတော်ဘုရားကြီး စပ်ဆိုထား ခဲ့တဲ့ လင်္ကာလေးပါ။ ဒီလင်္ကာလေးကိုဖတ်ပြီး ဘဝ တစ်လျှောက်လုံး သာသနာပြုသွားတော်မူခဲ့တဲ့ ရွှေကျင် သာသနာပိုင် ရွှေဟင်္သာဆရာတော်ဘုရားကြီးကို စာရေးသူ ပို၍ကြည်ညိုမိတယ်။ ပရဟိတလုပ်ငန်းများ၊ သာသနာပြုလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ရှက်နေကြသူတိုင်း ဘဝအခက်အခဲတွေနဲ့ မလွဲမသွေကြုံတွေ့ရမယ်ဆိုတာ ရွှေဟင်္သာဆရာတော်ဘုရားကြီးလို ပုဂ္ဂိုလ်မျိုးက မသိပဲရှိနိုင်ပါမလား။ ဤလင်္ကာလေးကို ဖတ်မိတဲ့ ပရဟိတလုပ်ငန်းများကို စွမ်းနိုင်သမျှဆောင်ရွက်နေသူတိုင်း ဆရာတော်ဘုရားကြီးကို ကြည်ညိုတဲ့ သဒ္ဓါစိတ်တွေ ဖြစ်နေမိကြမယ်ဆိုတာ ယုံကြည်လျှက်ပါ။

ပရဟိတလုပ်ငန်းများကို စွမ်းနိုင်သမျှဆောင်ရွက်နေတဲ့စာရေးသူဟာ ဘဝအခက်အခဲတွေနဲ့ကြုံတွေ့ရလေတိုင်း ဆရာတော်ဘုရားကြီးရဲ့ လင်္ကာလေးကို တိုးညှင်းစွာရွတ်ဆိုပြီး ဘဝအမောတွေကိုဖြေခဲ့တယ်။ လောက ဒီမုန်တိုင်းဒဏ်တွေက ပြင်းထန်လေတော့ ပြိုလုလုဖြစ်နေတဲ့ စိတ်ဓာတ်အားတွေအတွက် ဆရာတော်ဘုရားကြီးရဲ့လင်္ကာလေးကို အာရုံပြုပြီး ပြန်လည်ပြုပြင်ပေးရတယ်။ သူများပေးတဲ့အပူက ပူလွန်းတော့ ကျွမ်းလုလုဖြစ်နေတဲ့ဘဝလေးကို ဆရာတော်ဘုရားကြီးရဲ့လင်္ကာရေစင်အေးနဲ့ ပက်ဖျန်းပြီး စိမ်းလန်းစိုပြေအောင် ပြန်လည်ပြုပြင်ပေးခဲ့



ရတယ်။ ဆရာတော်ဘုရားကြီးရဲ့လင်္ကာလေးဟာ စာရေးသူရဲ့ဘဝအတွက်တော့ အသက်ကယ်ဆေးတမျှ အရေးပါလှတယ်။

တခါတုံးက ဆရာတော်ကြီးတစ်ပါးက စာရေးသူကို မိန့်ဖူးတယ်။ ဘဝမှာ ငိုနေရတာနဲ့စာယင် ရီနေရတာက တော်သေးတယ်။ မဲ့နေတာနဲ့စာယင် ပြုံးနေရတာက ကောင်းသေးတယ်။ အမုန်းတရားတွေနဲ့ ရင်ထဲမှာ မွန်းကျပ်နေအောင် ခံစားနေရတာနဲ့စာယင် မေတ္တာတရားနဲ့ ရင်မှာအေးမြအောင် နှလုံးသွင်းနေနိုင်တာက မွန်မြတ်တယ်-တဲ့။ စာရေးသူ ဒီအဆိုအမိန့်ကို အတော်လေး သဘောကျခဲ့တယ်။

လူတွေဟာ ခိုင်လုံတဲ့အကြောင်း မရှိဘဲနဲ့ တစ်ယောက်ကိုတစ်ယောက် ရန်လိုတဲ့စိတ်တွေ မွေးမြူချင်ကြတယ်။ ရီချင်ရက်နဲ့ မရီနိုင်။ ပြုံးချင်ရက်နဲ့ မပြုံးနိုင်။ အမုန်းသံသရာထဲ ကျင်လည်နေကြရတယ်။ တစ်ယောက်ကိုတစ်ယောက် မုန်းရတဲ့အလုပ်မျိုးဆိုတာ သူတော်ကောင်းအလုပ်မှ မဟုတ်တာ။ တစ်ယောက်ရဲ့ မကောင်းသတင်းကို တစ်ယောက်က ပြောရတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ အတော်ကိုစိတ်ပျက်ဖို့ကောင်းတယ်။ ဒီလိုသာ ဆက်လုပ်နေကြမယ်ဆိုယင် လူမျိုးတွေရဲ့အဆင့်အတန်းတွေ ပို၍နိမ့်ကျသွားဖို့ပဲရှိတော့တယ်။

အဆင့်တန်းရှိရှိတော့ လူတိုင်းနေချင်တာပေါ့။ ဒါပေမဲ့ ဘယ်လိုနေရမယ်ဆိုတာ သိမှမသိတာလို့ တစုံ တစ်ယောက်မှ စောဒက တက်လာနိုင်ဖွယ်ရှိတယ်။ မြန်မာလူမျိုးတွေ ကမ္ဘာနဲ့နှယ်တဲ့ လူ့အသိုင်းအဝိုင်းထဲမှာ အဆင့် တန်းရှိရှိ နေလိုကြတယ်ဆိုယင် လုပ်သင့်လိုက်ထိုက်တာတွေကိုတော့ လုပ်ရလိမ့်မယ်။ အဲ့ဒါတွေကတော့ ဉာဏ်မများနဲ့၊ ကတိသစ္စာကို စောင့်ထိန်း၊ အတ္တ မာနတွေကိုလျှော့။ အသုံးအဖြုန်းတွေကို လျှော့။ အသောက်အစားတွေကို လျှော့။ အတင်းအဖျင်းပြောတာတွေကိုလျှော့။ ပညာကို (အတန်းပညာ၊ စက်မှု၊ လက်မှုပညာ၊ ရောင်းဝယ်ဖေါက်ကားမှုပညာ စသည်များပါဝင်) တတ်အောင်သင်။ စီးပွါးရှိအောင်လုပ်။ သန့်ရှင်းသပ်ယပ်စွာနေ။ အမျိုးသားအချင်းချင်းပေါ် ဖေးမခေါ်ယူ။ အများရဲ့ကောင်းကြောင်းကို စွမ်းနိုင်သမျှပြော (လန်ကျူပ်ပြော

BURMESE CLASSIC .com



သည်ကို မရည်ရွယ်ပါ)။ အမျိုးဘာသာ သာသနာစိတ်ဓာတ်ကိုများများမွေး။ တရားသဘောကို စံထားပြီး ကိုယ်ပြုလုပ်ခဲ့တဲ့အလုပ်တွေကို ပြန်လည်စဉ်းစား။ မိမိ၊ သူတပါးအကျိုးရှိမဲ့အလုပ်မျိုးကို များများလုပ်။ ဒီလောက်ဆိုယင် အဆင့်အတန်းရှိတဲ့ လူ့အသိုင်းအဝိုင်းထဲမှာ နေလို့ရနိုင်ပါပြီ။

မသိလို့ မကြိုးစားတာပါလို့တော့ ဆင်ခြေမပေးသင့်ဘူး။ သိခြင်း၊ မသိခြင်းဆိုတာ အသိတရားတစ်ခုတည်းကို စံထားပြီး ပြောလို့မရပါဘူး။ သတိတရားရှိပြီး၊ ကိုယ်ဖြစ်လိုသည့်အရာကို အဓိပတိတတ်ထားရမှာ။ သူတော်ကောင်း စိတ်ဓာတ်တွေကို အမြဲတမ်း မွေးမြူထားရမှာ။ မိမိကိုယ်ကိုမိမိ သူတော်ကောင်းဖြစ်ဖို့ အဓိပတိတပ်နေတာမျိုးဖြစ်နေခဲ့ရင် သူတော်ကောင်းဆိုတာ ဖြစ်လာမှာပေါ့။ တချို့နေရာများမှာ မရှိတာကိုမှီပြီး မာနဖြစ်နေတာနဲ့စာယင် ရှိတာကိုမှီပြီး မာနဖြစ်နေတာက တော်သေးတယ်လို့ စာရေးသူက မြင်တယ်။ တရားအသိမရှိဘဲမာန်မာနတွေ တက်နေတာနဲ့စာယင် တရားအသိရှိပြီး မာန

www.burmeseclassic.com

www.burmeseclassic.com



တက်နေတာက တော်သေးတယ်လို့လဲ စဉ်းစာမိပါရဲ့။ ဖြစ်နိုင်ယင်တော့ မာနဆိုတာကတော့ ဘယ်မာနမျိုးမှ မကောင်းဘူးပေါ့။ အဘိဓမ္မာသဘောအရ မာနကို လုံးဝပယ်နိုင်တဲ့အဆင့်က အနာဂါမ်အဆင့်ကို ရောက်တဲ့ အရိယာများမှာသာ ပယ်နိုင်တာတဲ့။ ပုထုဇဉ်တို့ရဲ့ သဘာဝ၊ ပုထုဇဉ်တို့ရဲ့ စိတ်နေစိတ်ထားဟာ အသိခက်တယ်။ မှားနေတာကိုလည်း မှန်တယ်လို့ထင်တယ်။ မှန်တာကိုကြတော့ မှားတယ်လို့ ထင်နေပြန်တယ်။ မှားနေတာကို မှားမှန်းသိလျှက်နဲ့ အလျှော့မပေးချင်တဲ့ စိတ်ထားတွေကရှိနေတော့ "တုန်းတိုက်တိုက် ကျားကိုက်ကိုက်" ပဲ။ တစ်ပြားသားမှ မလျှော့ချင်။ ဒီအဖြစ်မျိုးတွေကလဲ ဒုနဲ့ဒေး။

ပုထုဇဉ်တို့ရဲ့မာနကတော့ ကြီးသလား မမေးနဲ့။ တခါက အဖွဲ့အစည်းတစ်ခုနှင့် သံဃာတော်တစ်စု အကြားမှာ မပြောပလောက်တဲ့ ပြဿနာတစ်ခု ပေါ်ပေါက်လာဖူးတယ်။ သူမှန်တယ်၊ ကိုယ်မှန်တယ် ပြောကြရင်း မလိုအပ်ဘဲ ပြဿနာက ကြီးထွားလာတယ်။ ဒီတော့ သက်ဆိုင်ရာ အိမ်ရှင်မများက သံဃာ



တော်တွေနဲ့ ဖြစ်ရတဲ့ကိစ္စမို့ အလျှော့ပေးဖို့ သက်ဆိုင်သူများကို ဖျောင်းဖျပြောဆိုတော့ အတိုက်အခံဖက်မှာ ခေါင်းဆောင်လုပ်နေသူက ဘာပြောသလဲဆိုတော့ "ဒါမျိုးလုပ်လို့ အဝီစိ ငရဲကို ကျချင်ကျ။ ကျမယ်ဆိုရင်လဲ အဝီစိကို လက်ပြစ်ကူးပြီး ဆင်းမယ်။ ဒီကိစ္စမှာတော့ တစ်ပြားသားမှ မလျှော့နိုင်ဘူး"တဲ့။ ဒါပဲလေ. . .။ သူကမှ မလျှော့ချင်တာ။

ဒီနေရာမှာ စပ်မိလို့ ပုထုဇဉ်တို့ရဲ့အနေအထားလေးကို ပြောပြချင်တယ်။ ပုထုဇဉ်ဆိုတဲ့ သတ္တဝါမျိုးဟာ ကိလေသာတွေကို အဖြစ်များစေတဲ့ သတ္တဝါတဲ့ (ပုထု ကိလေသေ ဇနေတီတိ ပုထုဇ္ဇနော)။ လောဘကိုလဲ လွယ်လွယ်နဲ့ ဖြစ်စေတယ်။ ဒေါသဆိုလဲ လွယ်လွယ်ပဲ။ ဣဿာ မစ္ဆရိယ မာနဆိုလဲ လွယ်လွယ်ပဲ။ အထိမ်းအချုပ်မှ မရှိတာ။ ဒီကြားထဲ အဂတိတရားလေးပါးကို ကြားညှပ်ထည့်ပေးလိုက်တော့ ဘာပြောကောင်းမလဲ ထင်ရာစိုင်းပြီပေါ့။ ဒါတွေ ဘာကြောင့် ဖြစ်ရသလဲဆိုတော့ ပုထုဇဉ်အများစုဟာ သတိတရားနဲ့ အသိတရားတွေ ကင်းနေကြလို့ပါ။ ကိုယ်ချင်းစာ စိတ်

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ စာနာစိတ်တွေကင်းနေကြလို့ပါ။ အသိမဲ့သူဟာ မြင်သင့်မြင်ထိုက်တာကို မမြင်နိုင်သလို၊ သတိမဲ့သူဟာ တိုက်မိတိုက်ရာကို ဝင်တိုက်မိတတ်တယ်။ ဒီနေရာမှာ အရှင်ဝပ္ပမထေရ်ရဲ့ သတိပေးစကာလေးက လိုက်လျော ညီထွေရှိလှတယ်။ မှတ်သားလိုက်နာဖို့လဲ ကောင်းတယ်။

> မြင်သောသူ (အမှန်တရားသိမြင်သောသူ) သည် မြင်သူကိုလည်း မြင်၏။ မမြင်သူကိုလည်း မြင်၏၊ မမြင်သောသူသည်ကား မမြင်သူကိုလည်း မမြင်၊ မြင်သူကိုလည်း မမြင်။ . . . တဲ့။

ပုထုဇဉ်ဆိုတဲ့သတ္တဝါမျိုးဟာ အမှန်တရားကို မြင်နိုင်ခဲပါတယ်။ လက်ခံနိုင်ခဲပါတယ်။ ဒီနေရာမှာ “ပုထုဇဉ် သတ္တဝါ”လို့ ရေးသားလိုက်တော့ တချို့က တော့ အောင့်သက်သက် ဖြစ်ကောင်းဖြစ်သွားနိုင်တယ်။ သတ္တဝါဆိုတာ တိရစ္ဆာန်ပဲလို့ အထင်ရောက်သွားနိုင်လို့ပါ။ တကယ်တော့ သတ္တဝါဆိုတာ ငြိတွယ်ခြင်း သဘောရှိနေသေးသူမှန်သမျှ လူပဲဖြစ်ဖြစ်၊ ခွေးပဲဖြစ်ဖြစ် ဒါသတ္တဝါပဲ။ ငြိတွယ်ခြင်းသဘောရှိနေသေး

BURMESE CLASSIC .com



သူမှန်သမျှဟာ သတ္တဝါစာရင်းမှာ ပါဝင်နေမှာပဲ။ ဘုရားလောင်းများကို ဗောဓိသတ္တ-လို့ သုံးထားတာ ကိုပဲကြည့်ပါ၊ ဒီလို ဝေါဟာရအသုံးအနှုန်းကိုကြည့်ရင် ထင်ရှားပါတယ်။ သဗ္ဗညုတဉာဏ်တော်ကို မရသေးတဲ့ ဘုရားလောင်းများဟာ အာရုံတွေကိုလဲ ငြိတွယ်နေ သေးတယ်။ ဘဝတွေကိုလည်း ငြိတွယ်နေသေးတယ်။ လောဘ ဒေါသ မာန်မာနနှင့် ဣဿာ မစ္ဆရိယစတဲ့ တရားဆိုးတွေဆိုတာလဲ သူတို့သန္တာန်မှာ ရှိနေသေး တာပဲ။ ဒါကြောင့် ဘုရားလောင်းများဟာလဲ ဝေါဟာရ အသုံးအနှုန်းအရ သတ္တဝါစာရင်းမှာ ပါဝင်နေသေးတယ်။ ပုထုဇဉ်ဆိုတဲ့ သတ္တဝါမျိုးကတော့ ဘာမှမဟုတ်ပေမဲ့ ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးတတ်ကြတယ်။ ကြီးမှာ ပေါ့ သူတို့က အမှားနဲ့ အမှန်ကို ဉာဏ်နဲ့ခွဲခြားပြီး သိ နားလည်ထားကြသေးတာမှမဟုတ်တာ။ ခွဲခြားပြီး မြင် ထားကြသေးတာမှ မဟုတ်တာ။ “မမြင်သောသူသည် မမြင်သောသူကိုလည်း မမြင်၊ မြင်သူကိုလည်း မမြင်” ဆိုတဲ့ တရားသဘောလေးက လေးနက်လွန်းလှတယ်။

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါအဆင့်အတန်းမှာပဲ ရှိနေသေးတဲ့ ဘုရားအလောင်းတော်များရဲ့ နုစဉ်ဘဝလေးများကို ပြန်လည် လေ့လာကြည့်မိတဲ့အခါ အားနည်းချက်ကလေးတွေကတော့ တွေ့နေရသေးတာပဲ။ အရက်သမား တစ်ယောက်ဖြစ်ခဲ့ဘူးတဲ့ ဘုရားလောင်းဟာ တောထဲမှာ ရဟန်းတရားများကို အားထုတ်နေတဲ့ ရဟန်းငယ်တစ်ပါးကို တွေ့မြင်ခဲ့တယ်။ တချိန်ထဲမှာပဲ ထိုရဟန်းနေတဲ့ တောအုပ်တစ်နေရာမှ မာတုဂါမငယ်တစ်ယောက် (သူ့အကြောင်းနဲ့သူ) ထွက်လာတာကို တွေ့ရတော့ ရဟန်းနဲ့မာတုဂါမကို ဘာဘာညာညာနဲ့ စွပ်စွဲခဲ့တယ်။ ဘုရားဖြစ်တဲ့ဘဝမှာ အဲဒီလို့ စွပ်စွဲခဲ့မိတဲ့ဝိပါက်ဝဋ်ကျွေးကို ပြန်လည်ပေးဆပ်ခဲ့ရတယ်။ လူပုံအလယ်မှာ စိဉ္စမာနရဲ့စွပ်စွဲမှုကို ခါခါသီးသီးခံခဲ့ရတယ်။ အဲဒီဖြစ်ရပ်က သာဝတ္ထိတစ်မြို့လုံးကို အုံးအုံးကျွက်ကျွက် ဖြစ်သွားစေတာပေ့ါ။ ဖြစ်ရပ်က ကြီးကျယ်လွန်းလို့လားမသိ။ မြတ်စွာဘုရားရဲ့ဝိပါက်တော် (၁၂) ပါး စာရင်းမှာ ထည့်သွင်းဖေါ်ပြထားကို တွေ့ရတယ်။

ငယ်ရွယ်သူမို့ မာန်မာနကိုအခြေခံပြီး ပြည့်



တန်ဆာမ မဟုတ်သူကို ပြည့်တန်ဆာမရယ်လို့ စွပ်စွဲပြောဆိုခဲ့မိတဲ့ အမ္ဗပါလီဘိက္ခုနီမအလောင်းဟာ ငရဲမှာနှစ်ပေါင်းများစွာ ဆင်းရဲဒုက္ခတွေကို ခံခဲ့ရတယ်။ ငရဲမှလွတ်လာပြန်တော့လဲ ဘဝပေါင်းများစွာ ပြည့်တန်ဆာမဖြစ်ခဲ့ရပြန်တယ်။ နောက်ဆုံးနိဗ္ဗာန်ဝင်စံမဲ့ဘဝအထိ ပြည့်တန်ဆာမဘဝက မလွတ်နိုင်အောင်ဖြစ်ခဲ့ရပြန်တယ်။ ကံ ကိလေသာတို့ရဲ့ သဘောသဘာဝတွေကို မြင်နိုင်သူတို့အတွက်တော့ ကြောက်စရာကြီးပါ။ ဒီဖြစ်ရပ်တွေအတွက် သတိတရားကို အသိတရားနဲ့ယှဉ်ပြီး ဆင်ခြင်သုံးသတ်ယင်တော့ ဆိုးဝါးလှတဲ့ ကံတို့ရဲ့ သဘောသဘာဝတွေကို ကိုယ့်သန္တာန်မှာ ဖြစ်ခွင့်မရအောင် ကာကွယ်စောင့်ရှောက်နိုင်မှာပေ့ါ။ ဒီလိုမှ မလုပ်နိုင်သေးဘူးဆိုရင်တော့ . . . ။

မကျေနပ်ချက်လေးတစ်ခုကို ရှေ့တန်းတင်ပြီး သူတပါးကို စွပ်စွဲရဲ၊ ပြောဆိုရဲတဲ့အလုပ်မျိုးဆိုတာ "မိုက်တယ်ဆိုတာ လွယ်ပါတယ်"လို့ ခံယူထားတဲ့ ပုထုဇဉ်တွေအတွက်တော့ အပင်ပမ်းမကြီးလှပေမဲ့၊ သူတော်ကောင်းဓာတ်ခံရှိသူတို့ အတွက်တော့ ခက်ခဲတဲ့

www.burmeseclassic.com

www.burmeseclassic.com



အမှုကြီးတစ်ကို ပြုလုပ်ရသလိုပါပဲ။ ဘာကြောင့်လဲ ဆိုယင် တစ်ဖက်သားရဲ့ ဂုဏ်သိက္ခာကို ချိုးနှိမ်ပြီး ပြောရ၊ ဆိုရတဲ့ အလုပ်မျိုးဆိုတာဟာ သံသရာအတွက် သူတို့ရင်လေးကြလို့ပေါ့။ တကယ်တော့ ဘုရားရှင်များ ပွင့်တော်မူလာခြင်းဟာ တရားတော်များကို သက်ဝင် ယုံကြည်သူတို့အတွက် ဉာဏ်အလင်းကို ရရှိနိုင်စေရန် ပါ။ ကုသိုလ်၊ အကုသိုလ်တရားများကို ကိုယ်ပိုင်ဉာဏ် ဖြင့် ခွဲခြားသိနားလည်အောင်ပါ။ သတိတရားကို ပိုမို ထက်မြက်စေနိုင်တဲ့ သတိပဋ္ဌာန်တရားကို ဟောကြား ပြသရန်ပါ။

ဒီတရားသဘောလေးတွေကို မေ့ထားပြီး၊ ပုထုဇဉ်ပီပီ ထင်ရာစိုင်းလျှက်၊ ထင်ရာတွေကို ဆက်လက် စွပ်စွဲပြောဆိုနေကြဦးမယ်ဆိုရင် ခွင့်လွှတ်သူက ခွင့်လွှတ်နိုင်သော်လည်း "ကိုယ်ပြုသည့်ကံ၊ ပြုသူထံ။ အမှန်ပြန် လာမည်"ဆိုတဲ့ ကံရဲ့နိယာမကိုတော့ သတိ ပြုကြဦးပေါ့။ ဘုရား၊ ရဟန္တာများသည်ပင် ကုသိုလ်ကံ၊ အကုသိုလ်ကံများရဲ့ ကောင်းကျိုး၊ ဆိုးကျိုးတွေကို တားဆီးပိတ်ပင်ပေးလို့ မရနိုင်ဘူးဆိုတာကိုလဲ သတိပြု



ကြရမှာပဲ။ သတိတရားကတော့ ရှိလေကောင်းလေပဲ။ သတိတရားဆိုတာ ပိုတယ်လို့မှမရှိတာ။

အပူကိုပေးသူ၊ အပူကိုယူသူများနှင့် စပ်လျဉ်း၍ တရားသဘောတစ်ခုကို ဆွေးနွေးပြောဆိုချင် တယ်။ ဥပမာ၊ တစ်ဦးတစ်ယောက်က မိမိရဲ့ အတင်းအဖျင်းများကို ပြောဆိုနေသည်ဆိုပါစို့။ ပြောဆိုခံရသူက စိတ်ကောင်းယှဉ်၍ နှလုံးသွင်းတတ်မယ်ဆိုရင် (အပူကို မခံယူဘူးဆိုရင်) သူများက ကိုယ့်ကို ဘယ်လို အပူမျိုးမှ ပေးလို့မရပါဘူး။ ဆိုလိုတာက ဘယ်ကဲ့သို့ သော အပူမျိုး (မကျေနပ်ချက်တွေ၊ စိတ်ပျက်စရာ အချက်တွေ စသည်အပူမျိုး) တွေကို ဘယ်လိုပဲပေးပေး ကိုယ်ကခံယူမှရတာပါ။ သူများက ကိုယ့်ရဲ့ အတင်း အဖျင်းတွေကို ဘယ်လောက်ပဲပြောပြော ကိုယ်က ခံယူမှ ကိုယ့်စိတ်တွေကို အနှောက်အယှက်ဖြစ်စေနိုင် တာပါ။ ဟုတ်တယ်ဟုတ် . . . ။

သူတပါးရဲ့ပယောဂကြောင့် ကိုယ့်အပေါ်မှာ အကျိုးသက်ရောက်မှု ရှိမှု၊ မရှိမှုနှင့်စပ်လျဉ်း၍ ပညတ် ရှုထောင့်ကနေကြည့်မယ်ဆိုယင်တော့ လူအများစုဟာ

www.burmeseclassic.com

www.burmeseclassic.com



တကယ်မဟုတ်တဲ့သတင်းကို အဟုတ်သတင်းဖြစ်အောင် စွတ်စွဲ ပြောဆိုနေကြရာ၌ အပြောခံရသူများဟာ စိတ်ဆိုး၊ စိတ်ပျက်တွေ ဖြစ်မိတတ်ကြတယ်။ ဘာကြောင့်လဲဆိုယင် တကယ် မဟုတ်ဘဲ စွပ်စွဲပြောဆိုခံရလို့ပါတဲ့။ ထားပါတော့လေ . . .။ ဒါကိုပဲ ပရမတ်ရှုထောင့်ကနေ ကြည့်ပြန်တော့ ကိုယ့်မှာတကယ်မရှိတဲ့၊ တကယ်မဟုတ်တဲ့ အကြောင်းအရာတစ်ခုကို တဖက်သားက အမြင်မကြည်လို့ အတင်းအဖျင်းပြောနေတာမှန်းသိလျှက်နဲ့ ပြောသူကို ပြန်လည်စိတ်ဆိုးနေမယ်ဆိုယင် ဟုတ်လို့စိတ်ဆိုးနေရသလို ဖြစ်သွားမှာပေါ့။

နောက်ပြီး စိတ်ဆိုးဒေါသထွက်နေသူတစ်ယောက်ကို ဒုတိယလူက ပြန်ပြီးစိတ်ဆိုးဒေါသထွက်နေခဲ့ယင် ဒုတိယ လူဟာ ပထမလူထက် ပိုပြီး မိုက်မဲရာရောက်တယ်"ဆိုတဲ့ဘုရားဟောတရားကို သတိမမူရာရောက်သွားမှာပေါ့။ ဓမ္မနဲ့ အဓမ္မမှာ ဓမ္မဘက်က ရပ်တည်သူဖြစ်ချင်ရင်တော့ သည်းခံ၊ ခွင့်လွှတ်ရမှာပဲ။ ဒါကြောင့် မိမိကို တစ်ဖက်သားက ဘယ်လိုပဲပဲ



ဒေါသနဲ့ ပြောပြော၊ ဘယ်လိုပဲ ဒေါသနဲ့စွပ်စွဲစွပ်စွဲ စိတ်မဆိုးပဲ အပြုံးမပျက်နေနိုင်အောင် ကြိုးစားရမှာပဲ။ တကယ်တော့ တရားသဘောနဲ့ စစ်ဆေးကြည့်ရင် တဖက်သားရဲ့ စွပ်စွဲပြောဆိုမှုတွေဟာ အပြောခံရသူ၌ တကယ်ရှိနေတဲ့ အရှိတရားမျိုးကို ပြောဆိုနေတာမျိုး မဟုတ်ပဲ၊ စွပ်စွဲပြောဆိုချင်သူရဲ့ အာဘော်မျှသာ ဖြစ်ကြောင်း သိထားရမယ်။ ဒီနေရာမျိုးမှာ အမိုက်အမဲလေးတွေကို ခွင့်လွှတ်လိုက်တာကတော့ အကောင်းဆုံးပဲ။ အဲဒီလို သိထားခဲ့ရင် မိမိအား စွပ်စွဲပြောဆိုနေသူများကို အမျက်ထွက်စရာ အကြောင်းမရှိတော့ဘူးပေါ့။ ဒီသဘောကို နားလည်ပေးနိုင်တာဟာလဲ တရားသဘောပါပဲ။

တရားဆိုတာ ဆင်းရဲငြိမ်းလိုသူတို့အတွက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့အရာပါ။ အပူငြိမ်းရင် ချမ်းသာမယ်။ ကိလေသာငြိမ်းရင် ဆင်းရဲမှ လွတ်မြောက်မယ်။ အတွယ်အတာကင်းရင် တည်ငြိမ်တဲ့ဘဝကိုရမယ်၊ ဘဝငြိမ်းသူ ဖြစ်ခဲ့မယ်ဆိုရင်တော့ အားလုံးငြိမ်းတဲ့ အငြိမ်းဓာတ်ကိုရပြီပေါ့ ဒါပေမဲ့ . . .။

www.burmeseclassic.com

www.burmeseclassic.com



ပုထုဇဉ်သတ္တဝါများအားလုံး ဘဝထဲမှာ အတူရှိနေရဦးမှာမို့ သူပေးတဲ့အပူကို ကိုယ်မယူခဲ့ရင်၊ ကိုယ်ပေးတဲ့အပူကို သူမယူခဲ့ရင် ဘဝဆိုတာ ခရီးသွားသူတို့ရဲ့ တစ်ထောက်တစ်နား နားခိုရာဇရပ်လေးလို ဖြစ်နေမှာပါ။ ဇရပ်ဆိုတာ ဂုဏ်မထယ်ပေမဲ့ နားခိုသူတိုင်းကို အေးမြစေ ပါတယ်။ ဇရပ်ဆိုတာ မှုန်နံ့သာမချယ်ပေမဲ့ နားခိုသူတိုင်းအား လွတ်လပ်ခွင့်ကို မျှဝေပေးပါတယ်။ ဒီသဘောတွေကို စဉ်းစားကြည့်မိတော့ ဘဝဆိုတာ လူသားအားလုံးတို့ရဲ့နားခိုရာဖြစ်လို့ ဘဝကိုပင် "အပူကင်းမဲ့ဇုံ"ဖြစ်အောင် ဖန်တီး ပေးသင့်တာပေါ့။ ဒါပေမဲ့ လောကကြီးထဲမှာ ဖြစ်နေတာတွေကတော့ . . . ။

အများပြောနေတဲ့ စကားတစ်ခွန်းရှိပါတယ်။ "တရားရှိယင် ချမ်းသာတယ်"တဲ့။ ဒီလိုဆိုတော့ တရားဆိုတာ ဘာလဲလို့မေးခဲ့ရင်။ တရားဆိုတာ မျှတခြင်းဆိုတဲ့ အဓိပ္ပါယ်ကိုလည်း ဖေါ်ညွှန်းတယ်။ ငြိမ်းအေးခြင်းဆိုတဲ့ အဓိပ္ပါယ်ကိုလည်း ဖေါ်ညွှန်းတယ်။ စစ်မှန်ခြင်းဆိုတဲ့ အဓိပ္ပါယ်ကိုလည်း ဖေါ်ညွှန်းတယ်။ တရားရဲ့ အဓိပ္ပါယ်တွေကတော့ အများကြီးပါပဲ။ ဒါပေမဲ့ တရား



ဆိုတဲ့ အေးမြတဲ့ သဘောတရားတွေကို မိမိရဲ့နှလုံးသားထဲမှာ ကိန်းဝပ်လာအောင်ကိုတော့ ကုသိုလ်စိတ်ဖြစ်အောင် ဆင်ခြင်နှလုံးသွင်းတတ်ရမယ်။ သီလ သမာဓိ ပညာ သိက္ခာသုံးနဲ့ ဘဝအဆင့်တန်းတွေ မြှင့်တက်လာအောင် ကြိုးစားအားထုတ်ပေးရမယ်။ ဘယ်အရာမျိုးကိုမဆို သင့်တင့်လျောက်ပတ်အောင် နှလုံးသွင်းတတ်တယ်ဆိုယင်၊ ကုသိုလ်ဖြစ်အောင် စိတ်ထားတတ်တယ်ဆိုယင် စိတ်ချမ်းမှုရဖို့ဆိုတာ မခက်ခဲလှပါ။ တရားသဘောကို တရားသဘောအတိုင်း နားလည် ထားမယ်ဆိုယင်တော့ လူအများထင်ထားသလို အပူဆိုတာ သူများက ကိုယ့်ကိုပေးထားတာမျိုးမဟုတ်ပဲ၊ ကိုယ်ကပဲ ဒီအပူကို မွေးမြူထားတယ်ဆိုတာ သဘောပေါက် လာပါလိမ့်မယ်။ ဒီနေရာမှာ ဒီကဗျာလေးက ဒီသဘောကို ပေါ်လွင်အောင် စပ်ဆိုထားတာကို ဖတ်ရှုရတယ်။ စပ်ဆိုထားသူက အမည်မသိစာဆိုရှင်တစ်ဦး။ ကဗျာရဲ့ အမည်လေးက "သူပေးတဲ့ အပူ" တဲ့။

ဖတ်ကြည့်စမ်းပါ။

www.burmeseclassic.com

www.burmeseclassic.com



သူပြောတဲ့စကား၊ ငါ့ကိုစော်ကား၊
စဉ်းစားမိတိုင်း ဒေါသပွား၊
တွေးမိတိုင်း သောကပွား။
ပြောတဲ့သူက မေ့မေ့ပျောက်ပျောက်၊
ငါ့ရင်ထဲမှာ မီးတောက်၊
ကြာလာတော့ စိတ်ပြေ၊
မေ့လိုက်တော့ ချမ်းသာ၊
တရားခံက ငါ့ဒေါသ ငါ့မာန ငါ့အတ္တ၊
သူပေးတဲ့အပူ မယူလည်း ရသားမို့၊
နောက်များဆို မယူဖို့ ငါ့စိတ်ကို ဆုံးမထား။

သူများပေးတဲ့ အပူ၊ မယူလည်းရနေသားမို့. . . တဲ့။ ကောင်းလိုက်တဲ့ကဗျာလေး။ သတိပဋ္ဌာန်တရားတွေကို ပေါက်ပေါက်ရောက်ရောက် အားထုတ်မနိုင်ကြသေးလို့ အပူကင်းနည်း၊ သောကငြိမ်းနည်းကို သဲသဲကွဲကွဲ မသိနိုင်သေးသူတို့အတွက် ကဗျာဆရာရဲ့ "အပူကင်းဝေး နေနိုင်ရေး" "သောကကင်းဝေး နေနိုင်ရေး"နဲ့စပ်လျဉ်းတဲ့ ဆင်ခြင်ပုံ၊ နှလုံးသွင်းပုံနည်းလေး



က စိတ်ဝင်စားစရာပါ။ ဆင်ခြင်တဲ့နည်းလေးကလဲ တမျိုးဆန်းသစ်တယ်။ ဘာပဲဖြစ်ဖြစ်လေ . . .။ သူများပေးတဲ့အပူကို ကိုယ်ကိုယ်တိုင်က တကယ်မယူချင်ဘူးဆိုယင်တော့ မယူနဲ့ပေါ့။ အဖြေက ဒါပဲ . . .။

အပူကင်း၍ လူတိုင်း ချမ်းသာခြင်းသုခနှင့် ပြည့်စုံနိုင်ကြပါစေ . . .။

www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးမြင့်မိုရ် ပြုမှာစိုးမိ

ယနေ့ မြန်မာ့ပြည်ဖွား ဗုဒ္ဓဘာသာဝင်များ လောက၌ ဘာသာတရားနှင့်စပ်၍ အပြောများနေတဲ့ စကားတစ်လုံးက "ခင်ပွန်း"ဆိုတဲ့ အသုံးအနှုန်း၊ "ခင်ပွန်း" ဆိုတာဘယ်သူလဲလို့မေးခဲ့ရင် "မိမိရဲ့အိမ်သားဟာ ခင်ပွန်း"ပဲလို့ ဖြေကြမှာပါ။ ဒီလိုဆိုရင် ခင်ပွန်းကြီး ၁၀-ပါးဆိုတာ ဘယ်သူတွေလဲလို့ မေးခဲ့ရင် အိမ်ရှင် ၁၀-ယောက် ရှိခဲ့ဖူးသူဖြစ်မှာပေါ့လို့ ဖြေကောင်း ဖြေမယ်။ "ခင်ပွန်း" ဆိုတဲ့ စကားအသုံးအနှုန်းကို မြန်မာ ဝေါဟာရမှာ မသဲမကွဲသုံးထားတာကို တွေ့ရတယ်။ အိမ်ရှင်သခင်ဖြစ်တဲ့လင်ယောက်ျားကို "ခင်ပွန်း" လို့



ခေါ်နိုင်သလို၊ အိမ်ရှင်မကိုလဲ "ခင်ပွန်းမ" ခေါ်နိုင် ကြောင်းကို မြန်မာ-အင်္ဂလိပ်-ပါဠိအဘိဓာန်မှာ ဖော်ပြ ထားတယ်။ မြန်မာအဘိဓာန်မှာတော့ "ခင်ပွန်း"ကို (၁)ခင်ပွန်းသည် (၂) မိတ်ဆွေ-လို့ဖော်ပြထားပြီး၊ "ခင်ပွန်းကြီး" ကိုမူ မပြစ်မှားအပ်သောပုဂ္ဂိုလ်-လို့ ဖော်ပြထားတာကို တွေ့ရတယ်။

ဗုဒ္ဓစာပေ၌ "ခင်ပွန်း" (သို့မဟုတ်) "ခင်ပွန်း ကြီး" လို့ အခေါ်ခံထိုက်သူ (၁၀)ဦးရှိကြောင်း ထုတ်ပြ ထားတယ်။ ဘာကြောင့် "ခင်ပွန်းကြီး"လို့ ခေါ်ထိုက် သလဲဆိုရင် ဂုဏ်ကျေးဇူးကြီးမားတဲ့ပုဂ္ဂိုလ်တွေဖြစ်လို့ တဲ့။ ဗုဒ္ဓစာပေကျမ်းဂန်များမှာပြဆိုထားတဲ့ "ခင်ပွန်း ကြီး"လို့ အခေါ်ခံထိုက်သူ (၁၀)ဦးဟာ - (၁)ဘုရား (၂) ပစ္စေကဗုဒ္ဓါ (၃) အဂ္ဂသာဝက ရဟန္တာများ (၄) ရဟန္တာအရှင်မြတ်များ (၅) အမိ (၆) အဘ (၇) အလေးအမြတ်ပြုအပ်တဲ့ဆရာ (၈) ဆုံးမပေးတဲ့ဆရာ (၉) တရားဟောပေးတဲ့ဆရာ (၁၀) ပေးကမ်းလှူဒါန်း ထောက်ပံ့ပေးသူ-တို့ဖြစ်ကြတယ်။ ဘုရားစသော ပုဂ္ဂိုလ်များပါ ပါဝင်နေလို့ "ခင်ပွန်းကြီး(၁၀)ဦး"လို့

www.burmeseclassic.com

www.burmeseclassic.com



မသုံးပဲ "ခင်ပွန်းကြီး (၁၀)ပါး"လို့ ခေါ်ဝေါ်သုံးနှုန်းထားပုံကလဲ တစ်မျိုးစိတ်ဝင်စားစရာပါ။

အဲဒီ (၁၀)ပါးကို ကံသုံးပါလုံး (ကာယကံ၊ ဝစီကံ၊ မနောကံ) ပါးလုံးဖြင့်ဖြစ်စေ၊ တစ်ပါးတစ်ပါးဖြင့် ဖြစ်စေ ပြစ်မှားကျူးလွန်ခဲ့မိရင် ကျူးလွန်သူတို့အား ကြီးမားတဲ့ဘေးဒဏ်များ ကျရောက်နိုင်ကြောင်း ကျမ်းဂန်များမှာ ပြဆိုထားတယ်။ ဥပမာ၊ ပြင်းထန်သော ဦးခေါင်းခဲနာစသော ဝေဒနာများဖြစ်ခြင်း၊ စည်းစိမ်ဥစ္စာများ ဆုတ်ယုတ်ပျက်စီးခြင်း၊ လက်ခြေစသော ကိုယ်အင်္ဂါများ ပျက်စီးခြင်း၊ ကုသ၍မရနိုင်သော ရောဂါများဖြစ်ခြင်း၊ စိတ်ဖေါက်ပြန်ခြင်း ရူးသွပ်ခြင်း၊ မင်းပြစ် မင်းဒဏ်များသင့်ခြင်း၊ မတရားသဖြင့် စွပ်စွဲခံရခြင်း၊ ဆွေမျိုးကောင်း မိတ်ဆွေကောင်းများ မရခြင်း၊ အခြွေရံများ ပျက်စီးခြင်း၊ အိုးအိမ်တိုက်တာများ မီးလောင်ပျက်စီးခြင်းစတဲ့ အပြစ်များကျရောက်နိုင်တဲ့အပြင် မင်္ဂဉာဏ်၊ ဖိုလ်ဉာဏ်ကိုပင် တားဆီးနိုင်ကြောင်း ဖေါ်ပြထား၍ ဘာသာတရားကို ကိုင်းရှိုင်းသူတို့အတွက် ကြက်သီးများပင် ထလောက်စရာပါ။



ဤမျှလောက်ကြီးလေးတဲ့အပြစ်များကို ရစေနိုင်တဲ့ ဤခင်ပွန်းကြီး (၁၀)ပါးဟာ ဘုရားဟောပါဠိတော်များ၌ တိုက်ရိုက်ပါ၊ မပါ ဉာဏ်မှီသမျှ စိစစ်ကြည့်တဲ့အခါ ဘုရားဟောပါဠိတော်များမှာ တိုက်ရိုက်မပါပဲ၊ ဂုဏ်ကျေးဇူးအထူးရှိသူများကို တစ်ဦးတစ်ယောက်က သဒ္ဓါစိတ်ဖြင့် "ခင်ပွန်းကြီး (၁၀)ပါးဘုရားရှိခိုး"ကို ဂါထာသီကုံး၍ ရှိခိုးကန်တော့ခဲ့ရာမှ ဗုဒ္ဓဘာသာဝင်တို့လောကသို့ တဖြေးဖြေးပျံ့နှံ့လာခဲ့ခြင်းဖြစ်တယ်လို့ ခန့်မှန်းသိရှိရတယ်။ ဘုရားဟောပါဠိတော်များ၌ တိုက်ရိုက်မပါသော်လဲ "ခင်ပွန်းကြီး (၁၀)ပါး"ကို ခင်ပွန်းမဟုတ်ဟူ၍လည်းမဆို သင့်ကြောင်း ပညာရှင်များ အထူးမိန့်မှာကြတယ်။ သို့သော် ဤ"ခင်ပွန်းကြီး (၁၀)ပါး"ကိုသာ "ခင်ပွန်း"လို့ ခေါ်ဆိုထိုက်သည်ဟူ၍လည်း မမှတ်ယူသင့်ကြောင်း အကြံပြုပြောဆိုကြပြန်တယ်။ အဘယ့်ကြောင့်ဆိုသော် "ခင်ပွန်းကြီး (၁၀)ပါး" စာရင်း၌ မဟာသာဝကများ မပါဝင်ဘဲရှိနေ၍ ထိုမဟာသာဝကများဟာ ခင်ပွန်းကြီးများ မဟုတ်ကြလေသလား-ဟု ယူဆသွားနိုင်သောကြောင့်ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျမ်းဂန်များ၌ "ခင်ပွန်းကြီး (၁၀)ပါး" တိုက်ရိုက်မလာသော်လည်း အင်္ဂုတ္တိုရ်ပါဠိတော် သတ္တကနိပါတ်၌ အင်္ဂါ (၇)ပါးနဲ့ပြည့်စုံတဲ့သူကို လည်းကောင်း၊ တစ်ပါးပါးနဲ့ပြည့်စုံတဲ့သူကိုလည်းကောင်း "အဆွေခင်ပွန်းကောင်း"ဟု ခေါ်ဆိုထိုက်ကြောင်း ဘုရားဟောကြားတော်မူခဲ့တယ်။ အင်္ဂါ (၇)ပါးဆိုတာ ဘာလဲဆိုတော့ - (၁) ပေးနိုင်ခဲတဲ့ ဝတ္ထုကိုပေးခြင်း (၂) ပြုနိုင်ခဲတဲ့အမှုကိုပြုခြင်း (၃) သည်းခံနိုင်ခဲတဲ့အမှုကို သည်းခံခြင်း (၄)လျှို့ဝှက်ထိုက်တဲ့အမှုကို လျှို့ဝှက်ခြင်း (၅) ထင်စွာပြုထိုက်တဲ့ဂုဏ်ကို ထင်စွာထုတ်ဖော်ပြောဆိုခြင်း (၆) ဘေးရန်ရှိတဲ့ကာလ၌ မိတ်ဆွေကို မစွန့်ခြင်း (၇) ဥစ္စာမရှိ နွမ်းပါးသွားတဲ့ မိတ်ဆွေ (ရာထူးဂုဏ်သိန်ကျဆင်းသွားတဲ့မိတ်ဆွေ)ကို မထေမဲ့မြင်မပြုခြင်း - ဤအင်္ဂါ (၇)ပါးထဲက တစ်ပါးပါးနဲ့ပြည့်စုံနေခဲ့မယ်ဆိုရင် တိရစ္ဆာန်ပင်ဖြစ်စေကာမူ "အဆွေခင်ပွန်းကောင်း"ဟု ခေါ်ဆိုထိုက်ကြောင်း ဘုရားဟောရှိထားတယ်။ ထိုဘုရားဟောပါဠိတော်အရ မိမိအပေါ်၌ ပြုနိုင်ခဲတဲ့ အမှုများကိုပြုပေးသူကို "ခင်ပွန်း"



လို့ ခေါ်ဆိုနိုင်တယ်ဆိုတော့ အိမ်သားနှင့် အိမ်သူတို့ကိုသာမက အခြားသူများလဲ မိမိတို့အတွက် အကျိုးပြုပေးမယ်ဆိုရင် သူတို့ဟာလဲ ခင်ပွန်းတွေပါပဲ။

ခင်ပွန်းကြီး (၁၀)ပါးနှင့်စပ်လျဉ်း၍ ဗုဒ္ဓဘာသာရှုထောင့်မှ သုံးသပ်ကြည့်ရင် -ဒီ"ခင်ပွန်းကြီး (၁၀)ပါး" အယူအဆဟာ ဘာသာတရားအတွက် သိမ်မွေ့လှတယ်။ ခင်ပွန်း (၁၀)ပါးထဲက နောက်ဆုံးဖြစ်တဲ့ ပေးကမ်းထောက်ပံ့ ပေးသူများဟာလဲ "ခင်ပွန်းကြီး"(၁၀)ပါး စာရင်းဝင်လာတယ်။ ဆိုပါစို့ အဲဒီပေးကမ်းထောက်ပံ့သူနဲ့ သူပေးတာကိုယူသူ (သို့မဟုတ်) အလှူခံသူတို့ဟာ ဘာသာမတူ၊ လူမျိုးမတူဖြစ်နေခဲ့မယ်ဆိုရင် ထိုသူရဲ့အထောက်အပံ့ကို ယူထားသူဟာ သတိကြီးစွာ ထားရတော့မယ်။ ဘာကြောင့်လဲဆိုရင် သူရဲ့အထောက်အပံ့များ ယူထားပြီးတဲ့သူကို သူ့ဘာသာသို့ ကူးပြောင်းရန်တိုက်တွန်းလာခဲ့ရင် ငြင်းဆိုမိပါက ကျေးဇူးကန်းရာရောက်ပြီလော။ သို့မဟုတ် သူ့ကျေးဇူးကိုထောက်ဆလျှက် သူအလိုဆန္ဒအတိုင်း သူ့ဘာသာသို့ကူးပြောင်းခဲ့ရလျှင် ကျန်တဲ့ခင်ပွန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



(၉)ပါးကို စွန့်ပယ်လျှက် ထို (၉)ပါးရဲ့ ဂုဏ်ကျေးဇူးများကို ချေဖျက်ပစ်ခဲ့တော့မည်လော။ ဝေခွဲဖို့ ခက်လှတယ်။

တစ်ခါက နိုင်ငံခြားတိုင်းပြည်တစ်ခု၌ အမျိုးသမီးတစ်ယောက်ဟာ တစ်ပါးသူရဲ့အထောက်အပံ့များကို ခံယူရင်း နောက်ဆုံး ထိုထောက်ပံ့သူရဲ့ ဘာသာတရားသို့ ကူးပြောင်းသွားခဲ့ရတယ်။ ကူးပြောင်းသွားပြီးနောက်ကာလမှာတော့ မိမိမူလကိုးကွယ်ထားတဲ့ ဘာသာ့တရားရဲ့ရုပ်ပွားတွေကို ရက်ရက်စက်စက် ပေါက်ချိုးပစ်ခဲ့တယ်။ သတင်းကတော့ ရင်နင့်စရာပါ။ ဒီနေရာမှာ ဒသမနနည်းနဲ့ သင်္ချာကိန်းဂဏန်းတစ်ခုကို စဉ်းစားကြည့်မိတယ်။ သင်္ချာသဘောမှာ (၁၀)ထဲမှ (၁)ကိုနုတ်ရင် (၉) (၁၀-၁=၉) ကျန်နိုင်သေးတယ်။ ဒါပေမဲ့ လူလောကရဲ့ယုံကြည်မှုထဲမှာတော့ (၁၀)ထဲမှ (၁)ကိုနုတ်လိုက်တာနဲ့ ဘာမှအကြွင်းအကျန် မရှိတော့လို့ အံ့အားသင့်မိတယ်။ ဘာသာတရားကို ပေါ့ပျက်ပျက် ခံယူထားတဲ့ ဗုဒ္ဓဘာသာဝင်တွေအတွက် ရင်လေးမိပါရဲ့။

BURMESE CLASSIC .com



ခင်ပွန်းကြီး (၁၀)ပါးကို ဘယ်သောခါမှ မပြစ်မှားမိအောင် သတိရှိကြဖို့ရတော့ လိုလာပြီပေါ့။ ဗုဒ္ဓဘာသာဝင်တွေ ရှိသင့်ရှိထိုက်တဲ့ အခြေခံတရားများ ပြည့်စုံသင့်သလောက်ပြည့်စုံအောင် ကြိုးစားဖို့တော့ လိုလာပြီပေါ့။ ဒီနေရာမှာ ပြောဆိုလိုတဲ့ အခြေခံတရားမျိုးဆိုတာက- အသိဉာဏ်အခြေခံရှိဖို့ ဘာသာရေးအခြေခံရှိဖို့၊ ပညာရေးအခြေခံ၊ စီးပွားရေးအခြေခံ၊ အမျိုးဘာသာ သာသနာတာဝန်သိစိတ်အခြေခံ၊ ဒါမျိုးတွေ ရှိထားဖို့ လိုလာပြီပေါ့။ ဒီလိုမှမဟုတ်ပဲ မှီစား၊ ချူစား၊ ပေါင်းစား၊ ရောင်းစားအဆင့်လောက်နဲ့သာ ဆက်သွားနေကြမယ် ဆိုရင်တော့ မြန်မာလူမျိုးတို့ရဲ့ အနာဂတ်သာသနာရေးဟာ ရင်လေးရရုံတင်မကပဲ တသက်တာလုံး ဘဝင်မအေးရမဲ့အဖြစ်မျိုးတွေအထိ ရောက်သွားနိုင်တယ်။

ဘုရား၊ တရား၊ သံဃာ ရတနာ (၃)ပါးနဲ့ မိဘ ဆရာ အနန္တ (၅)ဖြာတို့ရဲ့ ဂုဏ်ကျေးဇူးများကား ပေးဆပ်လို့ မကုန်နိုင်အောင် များပြားလှတယ်။ ဥစ္စဒီန ဟူသောအကြောင်းကြောင့်၊ ရာထူးဂုဏ်သိန်ဟူသော

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြောင့်၊ သားရေး၊ သမီးရေးဟူသော အကြောင်းကြောင့် အဘယ်ကဲ့သို့သော အကြောင်းများကြောင့်ဖြစ်စေ အနန္တောအနန္တ (၅)ပါးကို မပြစ်ခွါသူ၊ ခင်ပွန်းကြီး (၁၀)ပါးကို မစွန့်ခွါသူများဖြစ်အောင် ကျိုးစားသင့်တယ်။ တွေ့ကြုံလာမှ အန္တရာယ်ကို ကာကွယ်ရတာမျိုးထက် အန္တရာယ်များ မိမိထံသို့ မရောက်လာမီ ကြိုတင်ကာကွယ်ထားရတာမျိုးက ပို၍ လွယ်ကူနိုင်တယ်။ မျိုးချစ်စိတ်ရှိသူတိုင်း သတိမူသင့်ပါတယ်။ မာန်မာနများကို ခဝါချလျှက် အချင်းချင်း ကာကွယ်စောင့်ရှောက်သင့်ပါတယ်။ ခင်ပွန်း (၁၀)ပါးမှာ သူ့ခင်ပွန်း၊ ကိုယ့်ခင်ပွန်းရယ်လို့ ခွဲခြားထားလို့မှ မရတာ။ မျိုးချစ်စိတ်ရှိသူတိုင်း သိထားပြီးဖြစ်မှာပါ။

ဤသို့သောအခြေအနေများကို ရှုမြင်သုံးသပ်မိလို့ ဂုဏ်ကျေးဇူးအထူးရှိတော်မူကြတဲ့ ဘုရား၊ ရဟန္တာများနဲ့ အနန္တောအနန္တ (၅)ပါးတို့ရဲ့ ကျေးဇူးဂုဏ်များကို အထူးဆင်ခြင်လျှက် "ကျေးဇူးမြင့်မိုရ်ကို မပြိုစေချင်" တဲ့ စိတ်ထားတွေ၊ "ကျေးဇူးရှင်တွေကိုလဲ စိတ်သောက မရောက်စေချင်"တဲ့ မေတ္တာနှလုံးသားတွေ၊ "ကျေးဇူးပြု



နေသူတွေကိုလဲ ကိုယ်စိတ်နှစ်ပါးမနွမ်းပါစေချင်" တဲ့ ကရုဏာနှလုံးသားတွေနဲ့ အမျိုး၊ ဘာသာ၊ သာသနာအတွက် စုပေါင်းပြီး အလုပ်လုပ်ကြဖို့ တိုက်တွန်းပါရစေ။ ဒီစာရေးနေချိန်၌ မျိုးချစ်စိတ်ကို အမှတ်ရစေတဲ့ ဆရာဇော်ဂျီရဲ့ ကဗျာလေးကိုအမှတ်ရလာမိတယ်။ ကဗျာလေးရဲ့အမည်က "သင်သေသွားသော်"တဲ့။ မျှဝေခံစားကြည့်စေချင်ပါတယ်။

ကဗျာလေးက -

ဩော် . . . လူ့ပြည်လောက၊ လူ့ဘဝကား၊
အိုရနာရ၊ သေရဦးမည်၊
မှန်ပေသည်တည့်။

သို့တပြီးကား၊ သင်သေသွားသော်၊
သင်ဖွားသောမြေ၊ သင်တို့မြေသည်၊
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။

သင်၏မျိုးသား၊ စာစကားလည်း၊
ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သင်ဦးချ၍၊ အမျှဝေရာ၊
စေတီသာနှင့်၊ သစ္စာအရောင်၊
ဉာဏ်တန်ဆောင်လည်း၊
ပြောင်လျက် ဝင်းလျက် ကျန်စေသတည်း။
. . . တဲ့။

နိုင်ငံသားတစ်ဦးရဲ့တာဝန်ကို ကိုယ်စားပြုဖေါ်ညွှန်းထားတဲ့ ကဗျာလေးပါ။ နိုင်ငံနဲ့လူမျိုး၊ ဘာသာနဲ့သာသနာ။ စာပေနဲ့ယဉ်ကျေးမှုများကို သူဘယ်လောက်မြတ်နိုးတန်ဖိုးထားတယ်ဆိုတာ ကဗျာလေးက စာဖတ်သူအား ခံစားသိစေခြင်းပါ။ စာရေးသူရဲ့ ရင်တွင်းစကားနဲ့၊ ရင်တွင်းခံစားမှုကတော့ "ရွှေမြင့်မိုရ် မပြိုနိုင်ပေမဲ့၊ ကျေးဇူးမြင့်မိုရ်ကိုတော့ ပြိုမှာစိုးမိပါရဲ့"-လို့။ ကျန်းမာ ချမ်းသာကြပါစေ . . . ။

ဒေါက်တာမမွှေပိယ (ITBMU)

BURMESE CLASSIC .com

www.burmeseclassic.com